# မြန်မာနိုင်ငံတောင်ပိုင်းရှိ မွန်ပြည်နယ်နှင့် မွန်ဒေသများတွင် သက်ငယ်လိင်အကြမ်းဖက်မှုအခြေအနေများ စိုးရိမ်ဖွယ်ဖြစ်လာ

အမျိုးသမီးနှင့် ကလေးအခွင့်အရေး အစီအစဉ်၊ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

**ဇူလိုင် ၂၅၊ ၂၀၁၈**

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ဌာနခွဲတစ်ခုဖြစ်သော အမျိုးသမီးနှင့် ကလေးအခွင့်အရေး အစီအစဉ်က မြန်မာနိုင်ငံတောင်ပိုင်းရှိ မွန်ပြည်နယ်နှင့် မွန်ဒေသများတွင် သက်ငယ်လိင်အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာမှုနှင့် ပတ်သက်၍ **A Girl's Life was Destroyed** - **ပန်းကောင်းအညွန့်ကျိုး** အမည်ရှိ အစီရင်ခံစာ တစ်စောင်ကို ထုတ်ဝေလိုက်သည်။ အစီရင်ခံစာတွင် သက်ငယ်မုဒိမ်းမှု (၁၁) မှု အပါအဝင် ၂၀၁၇ ဇွန်လနောက်ပိုင်း ဖြစ်ပွားခဲ့သော သက်ငယ်လိင်အကြမ်းဖက်မှု (၁၄) မှုကို စစ်တမ်းကောက် ဖော်ပြထားသည်။

သက်ငယ်လိင်အကြမ်းဖက်မှုများသည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပိုမိုဖြစ်ပွားလာလျက်ရှိသည်။ ဖေဖော်ဝါရီလတွင် ပြည်ထဲရေးဝန်ကြီးဌာနက ၂၀၁၇ အတွက် ပြစ်မှုဆိုင်ရာကိန်းဂဏန်းအချက်အလက်များကို ထုတ်ပြန်ခဲ့ရာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက မုဒိမ်းမှုတွင် (၂၇) ရာခိုင်နှုန်းနှင့် သက်ငယ်မုဒိမ်းမှုတွင် (၃၃) ရာခိုင်နှုန်း များပြားလာကြောင်း တွေ့ရှိရသည်။

အမျိုးသမီးနှင့် ကလေးအခွင့်အရေး အစီအစဉ်က ပြုလုပ်ခဲ့သော သုတေသနအရ သက်ငယ်လိင်အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာရခြင်း၏ နောက်ကွယ်တွင် အကြောင်းရင်းအမျိုးမျိုး တည်ရှိနေပြီး ၎င်းတို့အနက် လိင်ကိစ္စနှင့်ပတ်သက်၍ ပညာပေးမှုမရှိခြင်း၊ ဆင်းရဲမွဲတေခြင်းနှင့် တရားစီရင်ရေးစနစ် အားနည်းခြင်းကြောင့် ကျူးလွန်သူများကို ထိထိရောက်ရောက် အပြစ်မပေးနိုင်ခြင်းတို့သည် အဓိကအကြောင်းရင်းများ ဖြစ်သည်။

သက်ငယ်မုဒိမ်းမှုအတွက် တရားရုံးများတွင် တရားမျှတမှုပြန်လည်ရှာဖွေရာတွင်လည်း နစ်နာသူမိသားစုများအနေဖြင့် အခက်အခဲများစွာ ကြုံတွေ့နေရသည်။ စစ်တမ်းကောက်ယူခဲ့သော အမှုထက်ဝက်ကျော်တွင် နစ်နာသူများက လိင်အကြမ်းဖက်မှုဖြစ်စဉ်ကို ကျေးရွာအုပ်ချုပ်ရေးမှူးအား တိုင်ကြားခဲ့သည်။ ကျေးရွာအဆင့် တရားစီရင်ရာတွင် ကျူးလွန်သူကို အပြစ်ပေးအရေးယူခြင်းထက် ညှိနှိုင်းကျေအေးစေခြင်းနှင့် လျော်ကြေးငွေပေးချေခြင်းများကိုသာ အများဆုံး အသုံးပြုကြသည်။

သက်ငယ်မုဒိမ်းမှုကို သက်ဆိုင်ရာနယ်မြေခံရဲစခန်းသို့ တိုင်ကြားသော မိသားစုများကလည်း အလားတူပြဿနာများကို ရင်ဆိုင်နေရသည်။ မြန်မာနိုင်ငံအနေဖြင့် လိင်အကြမ်းဖက်မှုပြဿနာများကို ဖြေရှင်းရာတွင် ရှေးရိုးဆန်ပြီး ခေတ်နောက်ကျနေပြီဖြစ်သော ၁၈၆၁ ခုနှစ်က ဥပဒေများကို အသုံးပြုနေဆဲဖြစ်သည်။ ၎င်းပြင် တရားစီရင်ရေးစနစ်တွင် အကျင့်ပျက်ခြစားမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေကြောင်း နစ်နာသူမိသားစုဝင်များက ပြောပါသည်။

သက်ငယ်လိင်အကြမ်းမှုခံစားခဲ့ရသူများကို ကူညီထောက်ပံ့နေသည့် လူထုအခြေပြုအဖွဲ့အစည်းများမှ အဖွဲ့ဝင်များနှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ပြီးနောက်ပိုင်းတွင် အထက်ပါအချက်အလက်များ မှန်ကန်ကြောင်း အမျိုးသမီးနှင့် ကလေးအခွင့်အရေး အစီအစဉ်က အတည်ပြုနိုင်ခဲ့ပါသည်။

စိုးရိမ်ဖွယ်ရာကောင်းသည်အထိ များပြားလာသည့် သက်ငယ်လိင်အကြမ်းဖက်မှုများကို တိုက်ဖျက်တားဆီးနိုင်ရန် အတွက် မြန်မာနိုင်ငံအစိုးရအနေဖြင့် လက်ရှိတရားစီရင်ရေးစနစ်တွင် ပြုပြင်ပြောင်းလဲမှုများ မလွဲမသွေပြုလုပ်ရမည် ဖြစ်သည်။ မြန်မာနိုင်ငံ၏ သက်ငယ်လိင်အကြမ်းဖက်မှုနှင့်သက်ဆိုင်သော ဥပဒေများသည် ခေတ်နောက်ကျနေသည့်

အပြင် နစ်နာသူများအား လုံလောက်သောအကာအကွယ်ကိုလည်း မပေးနိုင်ချေ။ ၎င်းပြင် သက်ငယ်လိင်အကြမ်းဖက်မှုများနှင့်ပတ်သက်၍လည်း တိကျသောပြဋ္ဌာန်းချက်များ၊ ညွှန်ကြားချက်များ မရှိချေ။

အစီရင်ခံစာပါ အမှုများအားလုံးကို တရားရုံးတင် တရားစွဲဆိုရာတွင် ၁၈၆၁ က ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံ ရာဇသတ်ကြီး ဥပဒေကိုသာ အသုံးပြုခဲ့ရသည်။ မြန်မာ့တရားစီရင်ရေးအနေဖြင့် ၂၀၁၃ ခုနှစ်တွင် ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ ကြိုတင်တားဆီးခြင်းနှင့် ကာကွယ်ခြင်းဥပဒေကို အသက်ဝင်အောင် ပြဋ္ဌာန်းပြီး ဦးစားပေးကျင့်သုံးသင့်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တရားစီရင်ရေးဌာနများတွင် ဖြစ်ပွားနေသော အကျင့်ပျက်ခြစားမှုများကို ထိထိရောက်ရောက် နှိမ်နင်းသင့်ကြောင်း တိုက်တွန်းပါသည်။

တရားရေးမဏ္ဍိုင်တွင် ပါဝင်ပတ်သက်နေသူများအားလုံးကို ကျား/မ(လိင်)တန်းတူရေးနှင့် လိင်အကြမ်းဖက်မှုဆိုင်ရာ ပညာပေးအစီအစဉ်များကို ပို့ချသင့်ပြီး လိင်အကြမ်းဖက်မှုနှင့်ပတ်သက်ပြီး ရှေးရိုးဆန်ပြီး အန္တရာယ်များသော အတွေးအခေါ်များ ပပျောက်သွားစေရန် ကျား/မ(လိင်)တန်းတူရေးကို ဖော်ဆောင်ပေးရမည်။

"သက်ငယ်လိင်အကြမ်းဖက်မှုနဲ့ပတ်သက်ပြီးတော့ အရင်ကလည်း ကျွန်မတို့ အစီရင်ခံစာတစ်စောင် ထုတ်ခဲ့ဖူးတယ်။ ၂၀၁၇ မတ်လမှာ **အမှောင်ခန်းက အပ်ကျသံ** ဆိုတဲ့ အစီရင်ခံစာကို ထုတ်ခဲ့တယ်။ အဲဒီနောက်ပိုင်းမှာလည်း မွန်ပြည်နယ်နဲ့ မွန်ဒေသတွေမှာ သက်ငယ်လိင်အကြမ်းဖက်မှုက ဆက်ပြီးတော့ ဖြစ်နေတာပဲ။ ပထမအစီရင်ခံစာ ထုတ်ပြီးနောက်ပိုင်းမှာ သက်ငယ်လိင်အကြမ်းဖက်မှု (၁၄) မှု စစ်တမ်းကောက် ရရှိခဲ့တယ်။ ဒီအရေအတွက်က ကျွန်မတို့အဖွဲ့အစည်းက လက်လှမ်းမီသလောက် ကောက်ခံရရှိခဲ့တဲ့ အရေအတွက်ပါ။ ကျွန်မတို့ဆီကို ရောက်မလာတဲ့ အမှုတွေလည်း အများကြီး ရှိနေပါတယ်။ အဲတော့ ကျွန်မတို့ အစီရင်ခံစာမှာပဲကြည့်ကြည့် လူမှုကွန်ရက်က သတင်းတွေကိုပဲဖတ်ဖတ် မြန်မာနိုင်ငံမှာ သက်ငယ်လိင်အကြမ်းဖက်မှုတွေ များလာနေတယ်ဆိုတာ သေချာတယ်။ ကျူးလွန်သူတွေကလည်း ငွေပေးရင် တရားနိုင်မယ်ဆိုပြီးတော့ ဥပဒေတွေကိုလည်း ဂရုမစိုက်တော့ဘူး။ သက်ငယ်လိင်အကြမ်းဖက်မှုနဲ့ပတ်သက်ပြီးတော့ အစိုးရက အရေးယူမှုတွေ ပိုလုပ်ရမယ်၊ ပြဿနာဖြစ်လာရင်လည်း မြန်မြန်ဆန်ဆန် ကိုင်တွယ်သင့်တယ်။ သက်ငယ်မုဒိမ်းမှုတွေမှာ တရားခံကို အာမခံနဲ့ လွှတ်ပေးထားတာမျိုးလည်း မရှိသင့်ဘူး။ ကလေးငယ်တွေကို လိင်အကြမ်းဖက်မှုကနေ ကာကွယ်နိုင်ဖို့ အစိုးရအနေနဲ့ တရားခံတွေကို ထိထိရောက်ရောက် အပြစ်ပေးသင့်တယ်" ဟု အမျိုးသမီးနှင့် ကလေးအခွင့်အရေးအစီအစဉ်မှ Coordinator ဖြစ်သူ မိထောချမ်းက ပြောပါသည်။

အစီရင်ခံစာနှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက အောက်ဖော်ပြပါ လိပ်စာများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။


**မွန်နှင့် မြန်မာဘာသာများအတွက် ဆက်သွယ်ရန်**

၁) မိထောချမ်း (Coordinator - အမျိုးသမီးနှင့် ကလေးအခွင့်အရေးအစီအစဉ်)

Ph: (+66) 090-446-4437, Email: htawchanchan@gmail.com

၂) ဗညားအက်ဗန်( Program Officer – မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း)

Ph: (+95) 099-619-19757, Email: ogvon@rehmonnya.org

**အင်္ဂလိပ်ဘာသာအတွက် ဆက်သွယ်ရန်**

နိုင်အဲမွန် (စီမံကိန်းဒါရိုက်တာ - မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း)

Ph: (+66) 086 1679 741, Email: info@rehmonnya.org, auemon@gmail.com


မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ Website - www.rehmonnya.org